http://www.yinmarbin.org

## တမာပင်အောက်မှာ အေးမြစွာပေါက်ကွဲခြင်း

အောက်ပြည်အောက်ရွာမှာ အနေကြာပေမယ့် မုံရွာကတော့ ရင်ထဲမှာ အမြဲရှိနေသည်။နှစ်အတော်ကြာခဲ့ပြီ။ အချိန်တို့ လျှင်မြန်စွာ ပျံသန်းနေကြ၏။ နှစ်အစိတ်လား၊ သုံးဆယ်လား။ အမှတ်အသားမရှိ။ အခုတစ်ခေါက် မုံရွာသားတစ်ယာက်မုံရွာပြန်ရောက်ခဲ့ပါသည်။အမေမရှိတော့သော အမေ့အိမ်။ အမေမရှိတော့သော အမေ့အိမ်သည် ငိုကြွေးနေသော အနက်ရောင်ကျောက်ဆစ်ပန်းပုရုပ်ကြီးတစ်ခုပမာ။ အမေ မရှိတော့ပြီ။ ရင်ထဲမှာတော့ အတိတ်တွေ ကျန်နေသည်။

အတိတ်ကိုလည်း မပြန်၊ အနာဂတ်ကိုလည်း မမျှော်၊ ပစ္စုပ္ပန် တည့်တည့်မှာသာနေသည်ဟုကြွေးကြော်ခဲ့သော မော်ဒန်သမား အလကားကောင်သည် သူ့ကို အတိတ်တွေက ဖိစီးနှိပ်စက်တော့မှ သူ့ကိုယ်သူ မော်ဒန်သမား အလကားကောင်ဖြစ်နေမှန်း ရိပ်မိ၏။ သွားစမ်းပါ အတိတ်တွေ၊ ပစ္စုပ္ပန်မှာ ငါနေသည်ဟု အော်ဟစ်သော ကွဲအက်စူးရှစွာ အသံမဖြစ်မီကပျောက်နှင့်သည်။ အတိတ်တွေပါလား။

ဘယ်တုန်းကမှ ရင်မခုန်တတ်၊ ဘယ်တော့မှ ရင်မခုန်ဟု ကြွားဝါကြွေးကြော် တံဆိပ်ချိတ်ခဲ့သော ရင်သည်ပုံမမှန် စံသွေ့စွာ ခုန်နေ၏။ တန်းမြင့်ကျောင်း၊ အမှတ်(၁)တန်းမြင့်ကျောင်း။ သူ့အဖေ သည်ကျောင်းမှာ နေခဲ့၏။အင်္ဂလိပ် မြန်မာ ဗုဒ္ဓဘာသာ အထက်တန်းကျောင်း Anglo - Vernacular Buddhist High School / အဖေ အလွန်ဂုဏ်ယူခဲ့သောကျောင်း၊ သိန်းဖေမြင့် သည်ကျောင်းမှ ထွက်ခဲ့သည်တဲ့။ အိုးဝေညိုမြ သည်ကျောင်းမှာ နေခဲ့သည်တဲ့။ အဖေ့သားသည်လည်း သည်ကျောင်းမှာ နေခဲ့သည်။ တမာပင်တန်းနှင့် လမ်းကလေး၊ တမာပန်းတွေ တဝေတဝေ၊ တမာနံ့တွေသင်းပျံ့လျက်။ အရင်တုန်းကလိုပါပဲ။ ကျွန်တော် သည်ကျောင်းမှာ နေခဲ့သည်။ ဆရာတွေ၊ ဆရာမတွေ မရှိတော့ပြီ။သူငယ်ချင်းတွေ ဘယ်ရောက်နေကြသလဲ။ အမည်တွေ ပေါ်လာလိုက်၊ ပျောက်သွားလိုက်။ ဘစု၊ ခင်မောင်လတ်၊ မြသန်းထွန်း၊ရှမ်းတင်လှိုင်၊ တပရင်း ငချို။ ကိုဇာဝီ၊ ကျော်သိန်းကြီး၊ တင်မောင်၊ ခင်အောင်၊ ကိုလေးရီ၊ မောင်ဒိုး၊ ဘလက်ကက်၊ထွန်းကြည်၊ မောင်အုန်း။ သည်နာမည်တွေသည် ကျွန်တော့အတွက် လွမ်းစရာအတိတ်များ ဖြစ်ပါသည်။ အခု သူတို့သည်ကျောင်းမှာ မရှိကြတော့။ ကျွန်တော်လည်း မရှိတော့။ သို့သော် သည်ကျောင်းဝင်းအတွင်းမှာ တမာပင်အသစ်တွေ၊ ကျောင်းဆောင် အသစ်တွေ၊ ဆရာ/ဆရာမ အသစ်တွေ၊ ကျောင်းသား/ကျောင်းသူ အသစ်တွေ ရှိနေပါသည်။ ကျွန်တော်တို့ထက်တော်သော ကျောင်းသား ကျောင်းသူတွေ ဖြစ်စေချင်သည်။ အရင်ကထက် ပိုတော်သော ဆရာတွေ ဆရာမတွေဖြစ်စေချင်သည်။ ဆရာကြီး ဦးဖေမောင်တင်ကို သတိရသည်။ ကျွန်တော့်ဆရာများ၏ ဆရာကြီး။ တိုင်းပြည်တစ်ပြည်မှာခေတ်တစ်ခေတ်မှာ တပည့်က ဆရာ့ထက် ပိုမတော်လျှင်၊ လူငယ်က လူကြီးထက် ပိုတော်မလာလျှင် အဲဒီတိုင်းပြည်မြောင်းထဲ ရောက်ပြီသာ မှတ်ပေရော့။ ပြောရင်းဆိုရင်း တွေးရင်းတောရင်း အနာဂတ်ကို မျှော်မိပြန်ပြီ။ ပစ္စုပ္ပန်မှာတော့ .. .။

မုံရွာနေသည် ပက်ပက်စက်စက် ပူပြင်းလောင်မြိုက်လှ၏။ သက်ရှိသက်မဲ့မှန်သမျှ မီးလျှံအစွယ်များဖြင့် ဝါးမျိုကိုက်ဖြတ်နေသော မုံရွာနွေဘီလူးကို ဘာနှင့်ခုခံ၍မှမရနိုင်။ မိုးရွာပါတော့။ မိုးလာပါတော့။ငယ်ဆရာတစ်ဦး၏ စကားကိုပြန်ကြားယောင်သတိရပါသည်။ ကျွန်တော့်၏ နိုင်ငံရေး ဉပဇ္ဈာယ်ဆရာ ဘုန်းကြီးကန်ထွန်းကြည်။ အနောက်ဘက် ဘုန်းကြီးကန်ရွာသား၊ ကိုယ်တစ်ပိုင်းသေ လေဖြတ်နေသော ဦးထွန်းကြည်။ ကျွန်တော့်ကို ပြောဖူးပါသည်။ နွေအခါ နေပူတယ်၊မိုးမရွာလို့ ပူပြင်းတယ်ဆိုတာ မင်းအတွက် အရေပြားကသာ ခံစားရတဲ့ ဒုက္ခပါ။ တောသူတောင်သား မုံရွာနယ်ကနှမ်းတောင်သူတွေ၊ ပဲတောင်သူတွေ ခံစားရတာက တစ်ဘဝလုံးရဲ့ဒုက္ခ။ နွေမှာ နေပူလို့ မိုးမရွာလို့ မင်းဘဝပျက်မသွားဘူး။တောင်သူတွေအဖို့တော့ ဘဝပျက်သွားနိုင်တယ်။ ဆွေစဉ်မျိုးဆက် ဘဝပျက်နိုင်တယ်ဟု ပြောဖူးသည်။ ကျွန်တော့်မှာဆရာနှစ်ယောက် ရှိခဲ့ပါသည်၊ ငယ်ဆရာ ဘုန်းကြီးကန်ထွန်းကြည်။ ကြီးဆရာ ရွှေ့နေကြီး ဦးကိုယု၊ ကိုထွန်းကြည် မရှိတော့ပြီ။ လောလောဆယ်တော့ ပူပြင်းလောင်မြိုက်သော ပစ္စုပ္ပန်ဖျာလိပ်ခေါင်းထဲမှာ ခေါင်းဝင်ပြီး ကျွန်တော် အတင်းတိုးထွက်နေရပါသည်။ နေပူတာသာကြောက်နေရင် ဆရာ ဘယ်မှသွားလို့ရမှာမဟုတ်ဘူး။ ဘယ်သူနဲ့မှလည်း တွေ့ရမှာမဟုတ်ဘူး။

မုံရွာသား ကိုရည်ကပြော၍ လာခေါ်သည်။ လက်တွေ့ကျသော အဘိဓမ္မာပေပဲ။ ကဗျာဆရာတွေ အတော်များများနှင့်တွေ့ရသည်။ မှန်ပါသည်။ နေပူတာသာ ကြောက်နေလျှင် ကျွန်တော် ဘယ်ကဗျာဆရာနှင့်မှ တွေ့ရမည်မဟုတ်။ ပြောရဆိုရ ဆွေးနွေးရမည်မဟုတ်။ အစိုင်အခဲများကို ထုထောင်းချေဖျက်ရလိမ့်မည် မဟုတ်။ မပြေလည်မှုများကို နောက်ဆုံးအဆင်သင့် ရွှေ့ဆိုင်းထားဖြစ်လိမ့်မည်မဟုတ်။ သည်တစ်နွေမှာ ဘယ်တုန်းကမှ မလုပ်ဖူးသော ကဗျာဆရာ အနုပညာသမားများနှင့်"တွေ့ဆုံဆွေးနွေးခြင်း" ကို ကျွန်တော်လုပ်ခဲ့ရ၍ ကျေနပ်မိပါသည်။ မုံရွာနွေသည် မုံရွာသား ဂီတသမား ကိုရည်ကတစ်ဆင့်အလွန်ရိုးစင်းတန်ဖိုးရှိလှသော အဘိဓမ္မာတစ်ရပ်ကို ကျွန်တော့်အား သင်ကြားပေးလိုက်ပါသည်။ နွေဆိုတာ ပူမှာပဲ။ အပူကိုမကြောက်နဲ့။ ပြောစရာရှိလျှင် အလွန်ပြတ်ပြတ်ပြောတတ်သော မောင်ယဉ်နိုင်၏ စကားများကိုလည်း ကျွန်တော်နားထောင်ခဲ့ရသည်။ ပြောစရာရှိလျှင် စကားမချန်ဘဲ ပြတ်ပြတ်တောက်တောက် ပြောသောနေရာတွင် သူနှင့်ကျွန်တော်တူပါသည်။ မဂ္ဂဇင်းအဖွင့် စာမျက်နှာများပေါ်မှာ များများစားစား မတွေ့ရသော်လည်း ထိပ်တန်းကဗျာဆရာတစ်ယောက်ဟုကျွန်တော်ဆုံးဖြတ်မိသူ တစ်ယောက်ကိုလည်း တွေ့ရပါသည်။ သူကား မောင်ဆေးရိုး။ သူမေးသော မေးခွန်းများ၊ သူတင်ပြသော မကျေလည်မှုများ၊ သူယုံကြည်သော ကဗျာအယူအဆများကို ကျွန်တော် ကြားခဲ့ သိခဲ့ရပါသည်။ မောင်ဆေးရိုးသည်သမ္မာရှိ၏။ ရင့်ကျက်၏။ သူ့အယူအဆများသည် မှျတ၏။ ချင့်ချင့်ချိန်ချိန်ရှိ၏။ ပေါ့တီးပေါ့ဆသဘောထား၍ မရလောက်သော ကဗျာအယူအဆများ သူ့တွင်ရှိကြောင်း ကျွန်တော် သိခဲ့ရသည်။အတက်ကြွဆုံး၊ အဖျတ်လတ်ဆုံး၊ မေးခွန်းအများဆုံး၊ မကျေနပ်တာတွေ အများဆုံးကတော့၊ စကားအများဆုံးကတော့မင်းဆွေနှစ်ဖြစ်သည်။ လူငယ်ပေပဲ။ ကျွန်တော်သူ့အရွယ်ကလည်း သည်လိုပဲ ရှိမည်။ သူ့ကိုကြည့်၍ တက်ကြွမှုတွေကူးစက်နေသည်။ အထူးသဖြင့် သူ လူငယ်တစ်ယောက်ဖြစ်နေခြင်းအတွက် ကျွန်တော် ပို၍ကြည်နူးမိသည်။ အာဃာတမပါ၊ မကာသန မပါ၊ ဂိုဏ်းစွဲမပါ၊ ပရိယာယ် မပါ။ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးပွဲများမှာ ကဗျာသာပါ၏။ စာပေအနုပညာသာပါ၏။ (မှတ်ချက်–အရက်လည်း မပါပါ)သည်လိုနှင့်ပင် တွေ့ဆုံဆွေးနွေးပွဲ အတော်များများ ကျွန်တော် ထိုင်ဖြစ်ခဲ့ပါသည်။ လက်ဖက်ရည်ဆိုင် အတော်များများမှာ။

ကျွန်တော်တို့ မုံရွာသားများ အပြောကြီးကြပါသည်။ မြန်မာပြည်မှာ လက်ဖက်ရည် အကောင်းဆုံးမြို့။ အပြောကြီးလည်းကြီးလောက်ပါပေသည်။ မုံရွာမြို့မှာ ကျွန်တော်သောက်ခဲ့သမျှ လက်ဖက်ရည်ဆိုင်တိုင်းလိုလိုကောင်းကြသည်။ ရန်ကုန်မြို့ကအကောင်းဆုံး၊ အခမ်းနားဆုံး၊ ဈေးအကြီးဆုံး လက်ဖက်ရည်ကို မုံရွာပလက်ဖောင်း ဘေးက ဆိုင်ကလေးက ခါးထောက်ပြုံးပြနေလိမ့်မည်။ လက်ဖက်ရည်ဆိုင်တိုင်းမှာ တမာပင်ရှိ၏။ တမာရိပ်ရှိ၏။ ထိုဆိုင်အတော်များများမှာ ကျွန်တော်ထိုင်၍လူငယ်ကဗျာဆရာများနှင့် ဆွေးနွေးနှီးနှောဖြစ်ခဲ့ပါသည်။ သူတို့ မကျေနပ်တာတွေ၊ မကျေလည်တာတွေ၊ သဘောမတူတာတွေ၊ လက်မခံနိုင်တာတွေ၊ ကျေနပ်တာတွေ၊ ကျေလည်တာ၊ သဘောတူတာတွေ၊ လက်ခံတာတွေတို့ အပိုင်းအစများသည်ကျွန်တော့်ရင်ကို စူးရှခင်မင်စွာ လာရောက်ထိမှန်ပါသည်။ သူတို့ စကားလုံးတိုင်းသည် တင်းမာပြတ်သားသော်လည်းပန်းပွင့်များဖြစ်ကြ၏။ ကြည်နူးရပါသည်။ အယူအဆ တူသူအချင်းချင်းကို မပြောနှင့်တော့၊ အယူအဆ မတူသူများပင်ဖြစ်စေကာမူ တစ်ခုသော စိတ်ဓာတ်၊ တစ်ခုသော ယုံကြည်ရာတွင် ခိုင်ခိုင်မာမာ သန့်သန့်စင်စင် ရပ်တည်၍ဆွေးနွေးရသည်မှာ ဘာနှင့်မှမတူအောင် ကြည်နူးစရာကောင်းပါသည်။ ကျွန်တော့်စိတ်အထင်မှာ မုံရွာမြို့အလယ်က "ကန်တော်ကြီး"ရေပြင်တွင် ကြာဖြူ၊ ကြာနီ၊ ကြာညိုပန်းတွေ ဝေနေသည်။ ကြာပန်းကြာပွင့်တွေ၊ ကြာရိုးကြာနွယ်တွေ၏ အောက်တွင်နက်ရှိုင်းသော၊ ခိုင်မာသော၊ အင်အားကြီးသော၊ အခြေခံထုထည်ကြီးတစ်ခုရှိနေသည်ကို ကျွန်တော်သိလိုက်ပါသည်။မုံရွာသည် ကဗျာမြို့ဖြစ်၏။

မုံရွာနွေ တမာပင်အောက်က ခုံတန်းလျားလေးပေါ် ကျွန်တော်ထိုင်နေပါသည်။ ကျွန်တော့်အနီးမှာ ကဗျာများပေါက်ကွဲနေကြ၏။ ထိုပေါက်ကွဲမှုများကို ကျွန်တော် အေးမြစွာခံစားနေရ၏။ ကဗျာဆိုသည်မှာ ပေါက်ကွဲခြင်းပါပဲ။အေးမြသောနှင်းမှုန်ကြားမှာ ကဗျာမြို့တော်၏ အလှကို နောက်တစ်ကြိမ် ခံစားကြည့်ချင်ပါသေးသည်။

http://www.yinmarbin.org

မှတ်ချက်။ "စာပေါင်းသိုက် အက်ဆေးများ – ဇော်ဇော်အောင်" စာအုပ်မှ ကူးယူတင်ပြထားခြင်း ဖြစ်ပါသည်။